KBZ BANK
Premium Banking

## “KBZ MPU–UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်” အစီအစဉ်၏ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

၁။ အစီအစဉ်ကာလသည် ၈.၄.၂၀၂၃ မှ ၇.၄.၂၀၂၄ အထိ ဖြစ်သည်။

၂။ အစီအစဉ် အား KBZ Bank MPU–UnionPay Asia Prestige Platinum credit card နှင့် KBZ Bank MPU–UnionPay Asia Prestige Diamond Debit Card ဖြင့် ငွေပေးချေသူများအားလုံး ဤအစီအစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ပါသည်။

၃။ ဤအစီအစဉ်တွင် ငွေပေးချေသူသည် KBZ Bank MPU–UnionPay Asia Prestige Platinum credit card နှင့် KBZ Bank MPU–UnionPay Asia Prestige Diamond debit card ဖြင့် အထူးအစီအစဉ် ကာလအတွင်း သတ်မှတ်ထားသော ငွေပေးချေမှုများ ပြုလုပ်ပါက အထူးအစီအစဉ်တွင် အလိုအလျောက် ပါဝင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ KBZ Bank MPU–UnionPay Asia Prestige Platinum credit card နှင့် KBZ Bank MPU–UnionPay Asia Prestige Diamond debit card ကိုင်ဆောင်သူများသည် အနည်းဆုံး USD 15 ရှိသော UnionPay Network နှင့်ချိတ်ဆက်ထားသည့် POS နှင့် ecommerceဖြင့် transaction များ ပြုလုပ်ပြီး ပြန်အမ်းငွေများ ခံစားခွင့် ရရှိမည် ဖြစ်ပါသည်။

အစီအစဉ်တွင် ပါဝင်ရန်အတွက်

– သတ်မှတ်ထားသော အထူးအစီအစဉ် ကာလအတွင်း UnionPay Network နှင့်ချိတ်ဆက်ထားသော POS machine သို့မဟုတ် ecommerce websites (Grab, Foodpanda, Facebook payments, ACCA exam fees, Agoda, trip.com, etc.) များတွင် KBZ Bank MPU–UnionPay Asia Prestige Platinum credit card သို့မဟုတ် KBZ Bank MPU–UnionPay Asia Prestige Diamond debit card ဖြင့် အထူးအစီအစဉ် ကာလအတွင်း ငွေပေးချေမှုများ ပြုလုပ်ပါက ဤအစီအစဉ်တွင် အလိုအလျောက် ပါဝင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ KBZ Bank MPU–UnionPay Asia Prestige Platinum credit card နှင့် KBZ Bank MPU–UnionPay Asia Prestige Diamond debit ကတ်ကိုင်ဆောင်သူများ လစဉ် ရရှိနိုင်သော ပြန်အမ်းငွေပမာဏများမှာ–

– လစဉ် အနည်းဆုံး စုစုပေါင်း USD 15.00 မှ USD 49.99 အထိ ငွေပေးချေမှုရှိပါက ပြန်အမ်းငွေ 1%
– လစဉ် စုစုပေါင်း USD 50.00 မှ USD 99.99 အထိ ငွေပေးချေမှုရှိပါက ပြန်အမ်းငွေ 1.5%
– လစဉ် စုစုပေါင်း USD 100.00 နှင့် အထက် ငွေပေးချေမှုရှိပါက ပြန်အမ်းငွေ 2%

မှတ်ချက်။ ကတ်တစ်ကတ်တွင် ရရှိနိုင်သော ပြန်အမ်းငွေသည် တစ်လတွင် အများဆုံး USD 100 အထိဖြစ်ပါသည်။

၆။ တစ်လအတွင်း ကတ်ကိုင်ဆောင်သူများ ရရှိသောပြန်အမ်းငွေကို ကတ်သုံးစွဲသူ၏ကတ်ထဲသို့ လစဉ် (ရက် ၃၀) ကုန်ဆုံးပြီးနောက် သတ်မှတ်ရုံးဖွင့်ရက် (၁၀) ရက်အတွင်း တိုက်ရိုက်ထည့်ပေးမည် ဖြစ်ပါသည်။ ထိုပမာဏအား ငွေသားဖြင့် ထုတ်ပေးမည် မဟုတ်ပါ။ အစိုးရရုံးပိတ်ရက်များ သို့မဟုတ် KBZ Bankမှ ထိန်းချုပ်၍မရနိုင်သော အခြေအနေမျိုးတွင် ပြန်အမ်းငွေ ထည့်သွင်းပေးမည့်အချိန်သည် အပြောင်းအလဲ ရှိနိုင်ပါသည်။

၇။ KBZ Bank ဝန်ထမ်းများသည် အထူးအစီအစဉ်တွင် ပါဝင်သူများအား ဆက်သွယ်ပြီး ၎င်းတို့၏ OTP သို့မဟုတ် PIN နှင့် ပတ်သက်သည့် မည်သည့်သတင်းအချက်အလက်ကိုမျှ တောင်းခံမည် မဟုတ်ပါ။

၈။ ဤအစီအစဉ်ကာလအတွင်း မည်သည့်လိမ်လည်လှည့်ဖြားမှုမျိုးကိုမျှ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထား ပါသည်။ လိမ်လည်မှုအား မည်သည့်ပုံစံမျိုးဖြင့်မဆို ကျူးလွန်သည်ဟု သံသယဖြစ်ခြင်း ခံရသည့် မည်သူ့ကိုမဆို KBZ Bank က ပယ်ဖျက်ခြင်း နှင့်/သို့မဟုတ် ပိတ်ပင်ခြင်းပြုလုပ်ပိုင်ခွင့်ရှိသည်။

၉။ ဤအစီအစဉ်ကာလနှင့်ပတ်သက်၍ KBZ Bank အသုံးပြုသူများ နှင့် KBZ Bank တို့အကြား အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုအား KBZ Bank ၏ တာဝန်ရှိသူများမှ ပြဋ္ဌာန်းဥပဒေအရ အသုံးပြုသူများ၏ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးအား ထိခိုက်နစ်နာမှုမရှိစေရန် သေချာစွာ စိစစ်၍ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၁၀။ KBZ Bank သည် မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ရာသော အကြောင်းကြောင့် အသိပေး အကြောင်းကြားနိုင်ခြင်း မရှိဘဲ သတ်မှတ်ထားသော စည်းမျဉ်း နှင့် စည်းကမ်းများကို ပြင်ဆင် ပြောင်းလဲခြင်း၊ ရပ်စဲခြင်း နှင့်၊ သို့မဟုတ် အစီအစဉ်အား ပယ်ဖျက်ခွင့် နှင့် အစီအစဉ်နှင့်ပတ်သက်သော အကျိုးခံစားခွင့် သို့မဟုတ် သွင်ပြင်လက္ခဏာများအား ပြောင်းလဲခွင့် နှင့်၊ သို့မဟုတ် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပိုင်ခွင့် တို့အား အခြေအနေအရ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၁။ KBZ Bank အနေဖြင့် တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်း မရှိဘဲ ဤ အစီအစဉ်အား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း (သို့မဟုတ်) စည်းကမ်းချက်တစ်စုံတစ်ရာ ပြောင်းလဲခြင်းကြောင့် KBZ Bank အသုံးပြုသူများ အနေဖြင့် လျော်ကြေးတစ်စုံတစ်ရာ ရပိုင်ခွင့်မရှိသည်ကို သိရှိသဘောတူပါသည်။

၁၂။ KBZ Bank Card နှင့် သက်ဆိုင်သော ပုံမှန်စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက် များလည်း အကျုံးဝင်စေရမည်။

၁၃။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည် ဖြစ်ပြီး ယင်းဥပဒေများနှင့် အညီ အဓိပ္ပါယ်ဖွင့်ဆိုရမည်။

KBZ BANK
Premium Banking

၁၄။ KBZ Bankသည် COVID-19 ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ သို့မဟုတ် KBZ Bank အနေဖြင့် ထိန်းချုပ်၍မရသော အခြေအနေနှင့်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များ ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ ဆောင်ရွက်ထားသည့် မည်သည့်လုပ်ဆောင်မှုမျိုး ကိုမဆို အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ပြောင်းလဲခွင့်ရှိပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ ဖြစ်ပျက်နေစဉ်ကာလအတွင်း KBZ Bank မှ ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် KBZ Bank အနေဖြင့် KBZ Bank အသုံးပြုသူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး အပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

၁၅။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေးသားထားပြီးနှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက် မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေးသားထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှု တစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များကိုသာလျှင် အမှန်ယူမည် ဖြစ်သည်။